ကဏ္ဍအလိုက် ပေါင်းစပ် ညှိနှိုင်းရေး
အဖွဲ့များ၏

# လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ လမ်းညွှန်ချက် များ

၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၆ ရက်

ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့
(Development Assistance
Coordination Unit - DACU) နှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီး
ဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး
ဌာနမှ ပြုစုသည်

Email: ferd.mopf@gmail.com

# ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များ

## ၁. မိတ်ဆက်

၁.၁ သတ်မှတ်ထားသည့်ကဏ္ဍများတွင် ရရှိလာသော ဖွံ့ဖြိုးမှုအကူအညီများကို ပိုမိုထိရောက်စွာ ပေါင်းစပ် ညှိနှိုင်း အသုံးပြုရန်ရည်ရွယ်၍ ကဏ္ဍဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့များ (*Sector Coordination Groups*- SCGs) များကို ဖွဲ့စည်းခြင်းဖြစ်ပါသည်။

၁.၂ အောက်တွင် ဖော်ပြထားသည့် အကြောင်းအရာများသည် SCG များလိုက်နာရမည့် အခြေခံ လုပ်ငန်း လမ်းညွှန်ချက်များ ဖြစ်ပါသည်။

၁.၃ ယခု လမ်းညွှန်ချက်များကို လိုက်နာခြင်းအပြင် SCG တိုင်းသည် မိမိတို့ကဏ္ဍအလိုက် သီးခြား လိုအပ်ချက်များရှိသည့်အတိုင်း အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်ရန်အတွက် လွတ်လပ် လွယ်ကူစွာ ဆောင်ရွက်နိုင်ပါသည်။

## ၂. တာဝန်ခံမှု

၂.၁ ပြည်ထောင်စုဝန်ကြီးတစ်ဦးကို ကဏ္ဍအလိုက်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဖွံ့ဖြိုးမှု အကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU)ဥက္ကဋ္ဌက ခန့်အပ်မည်ဖြစ်ပါသည်။ SCG များအနေနှင့် အခြေခံလမ်းညွှန်ချက်များအားလိုက်နာမှုနှင့် ထိရောက်စွာဆောင်ရွက်နိုင်မှု ရှိ-မရှိကို သက်ဆိုင် ရာ အဖွဲ့ဥက္ကဋ္ဌက DACU ဥက္ကဋ္ဌထံ တာဝန်ခံတင်ပြရမည် ဖြစ်ပါသည်။

၂.၂ ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌသည် ၎င်း၏တာဝန်များအား အထောက်အကူပေးနိုင် ရန် ဒုတိယဝန်ကြီးတစ်ဦးကို အဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်နိုင်သည်။

၂.၃ SCG များ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များအပေါ် လိုက်နာမှုအခြေအနေ များကို DACU မှ စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။

၂.၄ SCG ၏ လုပ်ငန်းအစီအရင်ခံစာကို သတ်မှတ်ထားသည့်ပုံစံတွင် ဖြည့်စွက်၍ သက်ဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌမှ တစ်နှစ်လျှင် နှစ်ကြိမ် DACU သို့ တင်ပြရမည်ဖြစ်သည်။

## ၃. အစည်းအဝေးများ

၃.၁ SCG ဥက္ကဋ္ဌသည် အနည်းဆုံး လေးလလျှင် တစ်ကြိမ် SCG အစည်းအဝေးကို ကိုယ်တိုင် ဦးဆောင်ကျင်းပရပါမည်။

၃.၂ အဖွဲ့များသည် သက်ဆိုင်ရာဥက္ကဋ္ဌ တက်ရောက်သည်ဖြစ်စေ၊ မတက်ရောက်သည်ဖြစ်စေ လေးလတစ်ကြိမ်ထက် ပို၍ အစည်းအဝေးများ ပြုလုပ်နိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် လုပ်ငန်း လိုအပ်ချက်အလျောက် မျက်နှာစုံညီအစည်းအဝေးများ၊ အဖွဲ့ငယ်များ/အဖွဲ့ခွဲများ စသည့်ပုံစံ များဖြင့် တွေ့ဆုံနိုင်သည်။

၃.၃ လိုအပ်ပါက ကဏ္ဍခွဲအလိုက်အဖွဲ့ငယ်များ ဖွဲ့စည်းနိုင်ပြီး ထိုအဖွဲ့ငယ်များတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အထက်အဆင့်ပုဂ္ဂိုလ်များက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ ထို့သို့ အဖွဲ့ငယ်များ ဖွဲ့စည်းခြင်း၊ ဥက္ကဋ္ဌများ ရွေးချယ်ခြင်းနှင့် အဖွဲ့ဝင်များ ရွေးချယ်ထားမှု အခြေအနေများကို DACU သို့ အကြောင်းကြားရမည်။

## ၄. အဖွဲ့ဝင်ဖြစ်ခြင်းနှင့်တက်ရောက်ခြင်း

၄.၁ SCG များအနေဖြင့်အဖွဲ့ဝင်များရွေးချယ်ရာတွင်ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ရမည်။

၄.၂ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ သည် SCG များတွင် အဖွဲ့ဝင်အဖြစ် တက်ကြွစွာပါဝင်ပြီး သက်ဆိုင်ရာအစည်းအဝေးများသို့ တက်ရောက်ရမည်ဖြစ်ပါသည်။

၄.၃ လိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ကိုယ်စားလှယ်များကို SCG များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် အစည်းအဝေးများ တက်ရောက်ရန် ဖိတ်ကြား နိုင်သည်။

၄.၄ ဖွံ့ဖြိုးမှုမိတ်ဖက်များသည် SCG ၏ လုပ်ငန်းဆောင်ရွက်မှုများကို အထောက်အကူဖြစ်စေရန် ဖွံ့ဖြိုးမှုမိတ်ဖက်များဘက်မှဆက်သွယ်ဆောင်ရွက်မည့်သူ (facilitators) တစ်ဦး သို့မဟုတ် နှစ်ဦးကို SCG ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် သတ်မှတ် ခန့်ထားနိုင်သည်။

၄.၅ ကဏ္ဍအလိုက်နိုင်ငံအချင်းချင်း(Bilateral) နှင့် နိုင်ငံစုံ(Multilateral) ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို SCG အဖွဲ့ဝင်များအဖြစ် ပါဝင်စေရန် ဆောင်ရွက် ရမည်။

၄.၆ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ INGOများ၊ ပရဟိတအဖွဲ့အစည်းများသည် ၎င်းတို့၏ကိုယ်စားလှယ်များကို SCG တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရန် အဆိုပြုနိုင်သည်။

၄.၇ SCG ဥက္ကဋ္ဌသည် သက်ဆိုင်ရာလွှတ်တော်ကော်မတီများမှ ကိုယ်စားလှယ်များကို အဖွဲ့၏ အစည်းအဝေးများသို့ တက်ရောက်လေ့လာနိုင်ရန်အတွက် ဖိတ်ကြားနိုင်သည်။

၄.၈ SCG များမှကျင်းပမည့်အစည်းအဝေးများကို DACU သို့ ကြိုတင် အကြောင်းကြားရမည် ဖြစ်ပြီး DACU အဖွဲ့ဝင်များမှ အခါအားလျော်စွာ တက်ရောက်မည်ဖြစ်သည်။

## ၅. လုပ်ငန်းနှင့်တာဝန်များ

၅.၁ SCG ဥက္ကဋ္ဌသည် ဦးစားပေးများရွေးချယ်ကာ ကုန်ကျမည့် ဘဏ္ဍာငွေပမာဏများ တွက်ချက် သတ်မှတ်ထားပြီးဖြစ်သည့် ကဏ္ဍဆိုင်ရာ စီမံကိန်းများ (Prioritized & costed sector plan) ကို အဖွဲ့ဝင်များထံ (**ယခုလမ်းညွှန်ချက်များထွက်ရှိသည့်ရက်မှ**) ခြောက်လအတွင်း SCG အဖွဲ့ဝင်များထံ ဖြန့်ဝေပေးရမည်။ စီမံကိန်းသစ်များ ရေးဆွဲရာတွင်လည်းကောင်း၊ ဆောင် ရွက်နေဆဲ စီမံကိန်းအကောင်အထည်ဖော်မှုများ ပိုမို ကောင်းမွန်စေရေးအတွက် လည်းကောင်း SCGအဖွဲ့ဝင်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်မည်ဖြစ်သော်လည်း စီမံကိန်းများ၏ ပိုင်ဆိုင်မှု (ownership) သည် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများတွင်သာ ရှိစေရမည်။

၅.၂ ကဏ္ဍအတွက် ရရှိသည့် ဖွံ့ဖြိုးမှုအကူအညီများသည် ၎င်းကဏ္ဍ စီမံကိန်းအကောင်အထည်ဖော် မှုကို တိုက်ရိုက်နှင့် သေချာစွာ အထောက်အကူပြုစေရမည်။

၅.၃ SCG အဖွဲ့ဝင်များသည် ၎င်းတို့၏ ဖွံ့ဖြိုးမှုအကူအညီလုပ်ငန်းများကို SCG သို့ အဆိုပြု တင်ပြ၍ ကျန်အဖွဲ့ဝင်များထံမှ အကြံဉာဏ်များရယူရမည်။

၅.၄ မိမိတို့ကဏ္ဍရှိ ဖွံ့ဖြိုးမှုအကူအညီများကို *နိုင်ငံခြားအကူအညီသတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်* (Aid Information Management System-AIMS) သို့ အချိန်နှင့်တပြေးညီ တိကျ ပြည့်စုံစွာ အစီရင်ခံတင်ပြရန်နှင့် ကွာဟချက်များ၊ လုပ်ငန်းထပ်ခြင်းများ၊ ပူးပေါင်း ဆောင်ရွက် နိုင်မှု အလားအလာများကို အစီရင်ခံတင်ပြရန် SCG အဖွဲ့ဝင်များတွင် တာဝန်ရှိပါသည်။

၅.၅ SCG သည် မိမိတို့ကဏ္ဍအတွင်းရှိ စီမံကိန်း/အစီအစဉ်များအား ကြီးကြပ်ခြင်းနှင့် အကဲဖြတ် ခြင်းတို့ကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တွေ့ရှိချက်များကို SCG အဖွဲ့ဝင်များ၊ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း(MDI) နှင့် စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေး ဦးစီး ဌာနသို့ မျှဝေရမည်ဖြစ်သည်။ ဗဟိုစာရင်းအဖွဲ့ထံသို့လည်း ၎င်းတို့နှင့် သက်ဆိုင်ဆီလျော်မှု ရှိသည့် သတင်းအချက်အလက်များကို မျှဝေရမည်။

၅.၆ SCG များသည် ပမာဏသေးငယ်၍ (ဆက်စပ်မှုမရှိသည့် စီမံချက် အများအပြားကို ပြန့်ကျဲလုပ်ဆောင်မည့်အစား) ဖွံ့ဖြိုးမှုအထောက်အပံ့ ဘဏ္ဍာငွေ ပုံသဏ္ဍာန် ပေါင်းစည်းမှု အမျိုးမျိုး (development assistance portfolios) ကို တစုတစည်းတည်း ပြုလုပ်ရန်နှင့် မြန်မာအစိုးရ၏စနစ်များကို အသုံးပြုရန် အားပေးဆောင်ရွက်သွားရမည်။

၅.၇ SCG များသည် ဆန်းစစ်သုံးသပ်ရန် လိုအပ်မှုများကို ဖော်ထုတ်သတ်မှတ်ပြီး လေ့လာမှုများကို ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ရမည်။ ထိုမှတွေ့ရှိချက်များကို SCG သို့ပြန်လည်တင်ပြရမည်။

၅.၈ SCG များအားလုံးအနေဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီတန်ဖိုး၊ လူ့အခွင့်အရေး၊ အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှု နှင့် ကျား-မ တန်းတူညီမျှမှုတို့ကို အထောက်အကူ ပြုစေရမည်။

## ၆. ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အတွင်းရေးမှူး

၆.၁ SCG ၏လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးကို အထောက်အကူပြုရန် အတွင်းရေးမှူးရုံးအဖွဲ့ကို တည်ထောင်ရမည်။ SCG အတွင်းရေးမှူးရုံးအဖွဲ့သည် သက်ဆိုင်ရာ ဦးဆောင်ဝန်ကြီးဌာနတွင် အခြေစိုက်ရမည်။

၆.၂ SCG ဥက္ကဋ္ဌသည် အမြဲတမ်းအတွင်းဝန် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ် တစ်ဦးအား အဖွဲ့၏အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။ အတွင်းရေးမှူးသည် SCG ရုံး၏ လုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ခံယူရမည် ဖြစ်ပါသည်။

၆.၃ SCG အတွင်းရေးမှူးရုံးများသည် သက်ဆိုင်ရာ SCG ၏ လုပ်ငန်းဆောင်ရွက်မှုအတွက် လိုအပ်သည့် အရင်းအမြစ်များကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။